## Graduate Diploma/ Certificate Programme

MYANMAR LEADERSHIP INSTITUTE

Learn to Lead -Lead to Serve

### ဦးဆောင်ရန် လေ့လာခြင်း - အစေခံရန် ဦးဆောင်ခြင်း

မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော ယေရှုအသင်းဝင်များက ဦးစီးလုပ်ကိုင်သည့် Myanmar Leadership Institute (MLI) နှင့် ဖိလစ်ပိုင်နိုင်ငံ Ateneo de Manila တက္ကသိုလ်တို့မှ ပူးပေါင်းပေးအပ်သော ဘွဲ့လွန်ဒီပလိုမာ/ အသိအမှတ်ပြုလက်မှတ် အစီအစဉ်

MLI သည်

မြန်မာနိုင်ငံ၏ပညာရေး၊ စီးပွားရေးကဏ္ဍများနှင့် လူမှုအဖွဲ့အစည်းများရှိ နယ်ပယ်များတွင် ဦးဆောင်ကောင်းများ ပေါ်ထွန်းစေရန် ပြင်ဆင်ပေးသည့် အဖွဲ့အစည်း ဖြစ်ပါသည်။

မြန်မာအမျိုးသား၊ အမျိုးသမီးများ၏ ဦးဆောင်မှုဆိုင်ရာတတ်ကျွမ်းမှုသည် မေတ္တာစေတနာအရင်းခံသော ဦးဆောင်မှုမျိုး ဖြစ်စေရန်၊

နိုင်ငံတော်တည်ဆောက်ရေး၊ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးအား လေးစားအသိအမှတ်ပြုစေရေးတို့အတွက် ပါဝင် လုပ်ဆောင်ကြသော ကျွမ်းကျင်ပညာရှင်များ ဖြစ်စေရန်၊

တစ်ဦးတစ်ယောက်မှ လျစ်လျူရှုခံရခြင်းမရှိဘဲ အားလုံးထံသို့ ဥစ္စာဓနတိုးပွားရေး၊ အစဉ်အမြဲတည်မည့် ငြိမ်းချမ်းရေး တို့အား ဆောင်ယူပေးနိုင်မည့် ဦးဆောင်သူများဖြစ်စေရန်၊

MLI ၌ ပို့ချမည့် သင်တန်းအမျိုးအစားများ

- ဦးဆောင်မှုဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာ (အချိန်ပြည့်-တစ်နှစ်) - Quarter တစ်ကြိမ် ၃၅၀,၀၀၀ ကျပ် (၄ ကြိမ် တက်ရမည်)
- ဦးဆောင်မှုဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာ (အချိန်ပိုင်း-တစ်နှစ်) - Quarter တစ်ကြိမ် ၂၀၀,၀၀၀ ကျပ် (၄ ကြိမ် တက်ရမည်)
- ဦးဆောင်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ် (သင်တန်းကာလ ၄ လ) - ၂၀၀,၀၀၀ ကျပ်သာ
- စီးပွားရေးကဏ္ဍဆက်သွယ်ပြောဆိုမှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ် (၁၀ ပတ်) - ၁၅၀,၀၀၀ ကျပ်

သင်တန်းတက်ရောက်ရန် လိုအပ်သော အရည်အချင်း၊ လိုအပ်ချက်များ

- ဘွဲ့လွန်ဒီပလိုမာသင်တန်းအတွက် ဘွဲ့လက်မှတ် (သို့) ဘွဲ့လက်မှတ်နှင့်အလားတူလက်မှတ်မျိုး ရှိရမည်။
- အသိအမှတ်ပြုလက်မှတ်သင်တန်းအတွက် အထက်တန်းအောင်လက်မှတ် ရှိရမည်။
- အလယ်အလတ်တန်း အဆင့်ရှိ အင်္ဂလိပ်စာ အရည်အချင်း ရှိရမည်။
- အသက် ၁၈ နှစ် အထက်ရှိသူဖြစ်ရပြီး ရင့်ကျက်သူ ဖြစ်ရမည်။
- စီးပွားရေးကဏ္ဍလုပ်ငန်းများ/ NGO အဖွဲ့အစည်းများတွင် လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။

သင်တန်းတက်ရန် လျှောက်ထားသူများအားလုံးသည် ရေးဖြေ စစ်ဆေးမှု ဖြေဆိုရမည်၊ လူချင်းတွေ့ အင်တာဗျူး ဖြေရမည်၊ လိုအပ်သော ပညာရေးဆိုင်ရာအကိုးအကားများအား ပြသနိုင်ရမည်။ ကျောင်းအပ်လက်ခံနေပြီဖြစ်ပြီး လိုအပ်သောသင်တန်းသား အရေအတွက် ရရှိသည်နှင့် ကျောင်းအပ်လက်ခံတော့မည် မဟုတ်ပေ။

ဘွဲ့လွန်ဒီပလိုမာဆိုင်ရာ **အချိန်ပြည့်**သင်တန်းများအား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် Quarter II မှစတင်မည် ဖြစ်ပါသည်။ ဘွဲ့လွန်ဒီပလိုမာဆိုင်ရာ အချိန်ပြည့်နှင့် အချိန်ပိုင်း သင်တန်းများကို လေးကြိမ်ခွဲထားပြီး တစ်နှစ်ကြာ တက်ရမည် ဖြစ်သည်။ ဘွဲ့လွန်ဒီပလိုမာ အချိန်ပိုင်းသင်တန်း၊ ဦးဆောင်မှုဆိုင်ရာအသိအမှတ်ပြုလက်မှတ်သင်တန်းနှင့် စီးပွားရေးကဏ္ဍဆက်ဆံမှုသင်တန်း တို့ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် စတင်ဖွင့်လှစ်မည်။

ဘွဲ့လွန်ဒီပလိုမာ အချိန်ပိုင်းသင်တန်း (၁နှစ်) – Graduate Diploma (Part time) နှင့် ဦးဆောင်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ် (၄လ) – Certificate Program in Leadership အတွက် တနင်္လာနေ့ မှ ကြာသပတေးနေ့ (ညနေ ၆နာရီ မှ ၈နာရီ) နှင့် စနေနေ့ (မွန်းလွဲ ၂နာရီ မှ ညနေ ၆နာရီ) အထိ တက်ရောက်ရမည်။ စီးပွားရေးကဏ္ဍ ဆက်သွယ်ပြောဆိုမှုသင်တန်း (၁၀ ပတ်) – Business Communication ကို လိုအပ်လျှင် အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့် သင်ကြားပေးမည်ဖြစ်ပြီး တစ်ပတ်လျှင် သုံးရက်၊ ညနေ ၆နာရီ မှ ၈နာရီအထိ တက်ရမည်။

ဘွဲ့လွန်ဒီပလိုမာ သင်တန်းတွင် ပို့ချမည့် ကဏ္ဍကြီးလေးခုမှာ
၁) မိမိကိုယ်ကို ဦးဆောင်ခြင်း - လူပုဂ္ဂိုလ်တစ်ဦး၏ အတွင်းစိတ်နှလုံး ဗဟိုချက်ချ၊ ၂) အခြားသူများအားဦးဆောင်ခြင်း-လူ့အသိုင်းအဝန်း၏ ဗဟိုချက်ချ၊ ၃) အဖွဲ့အစည်းအား ဦးဆောင်ခြင်း၊ ၄) လူမှုရေးရာ-ယဉ်ကျေးမှုနှင့် မဟာဗျူဟာ နောက်ခံအခင်းအကျင်းများတွင် လမ်းကြောင်းရှာခြင်းတို့အား စာတမ်းပြုစုခြင်း၊ ပရောဂျက်စီမံကိန်းနှင့် proposal တောင်းခံလွှာရေးသားခြင်း တို့ဖြစ်သည်။

သင်တန်းမှတ်ပုံတင်ကြေး - ၁၅,၀၀၀ ကျပ် နှင့် ဆက်သွယ်ရန် - 09-767283373 Email: mli.inquiries@gmail.com